

# ကျန်ခဲ့ပုံက

လူငယ်တစ်ဦးသည် စိန်ရွှေရတနာဆိုင်တစ်ဆိုင်ထဲသို့ ဝင်လာပြီး တန်ဖိုးကြီး လက်ဝတ်ရတနာများအား အငမ်းမရ ကြည့်သည်။ ထို့နောက် စိတ်လှုပ်ရှားစွာဖြင့် သူ၏ဂျာကင် အင်္ကျီအိတ်များထဲသို့ အလောတကြီးနှိုက်သည်။ ဘောင်းဘီ အိတ်များထဲသို့ အရေးတကြီးရှာသည်။ သို့သော် သူရှာနေသည့် အရာကို မတွေ့၍ ချွေးပြန်နေသည်။ ထို့ကြောင့် လူငယ်က ဆိုင်ရှင်ကို ပြောလိုက်သည်မှာ…

"ဆောရီးပဲဗျာ… ကျွန်တော် နောက်တစ်ခေါက်ကျ မှ ပြန်လာခဲ့မယ်၊ အိမ်ကိုပြန်ပြီး ယူရဦးမယ်"

"အို… ဖြစ်မှဖြစ်ရလေရှင်၊ ပစ္စည်းဝယ်ဖို့ ငွေကျန် ခဲ့လို့လား"

ဟု မေးလိုက်သဖြင့် လူငယ်က ပြန်ဖြေလိုက်သည်မှာ…

"ဟင့်အင်း… ခြောက်လုံးပြူးကျန်ခဲ့လို့" ဟူ၏။

